ကျုံအိပ်ကျေးရွာ

ဖန်ခါးကွင်းအုပ်စု၊ ဓနုဖြူမြို့နယ်

ဧရာဝတီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေး

ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျုံအိပ်ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဓနုဖြူမြို့နယ်၏အကူ

အညီဖြင့်ရေးဆွဲပါသည်။)

စက်တင်ဘာလ ၊၂၀၂၄

## မာတိကာ


| | |
|---|---|
| စကားချီး | ၁-၂ |
| ကျုံအိပ်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ခနုဖြူမြို့နယ် | ၃ |
| ကျုံအိပ်ကျေးရွာရာသီခွင်ပြက္ခဒိန်၊ ခနုဖြူမြို့နယ် | ၄ |
| **အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်** | |
| (၁)နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု | ၅ |
| (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် | |
| (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု | |
| (၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ | ၇ |
| (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား | |
| (ခ) သဘာဝအရင်းအမြစ်များ | |
| (၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ | |
| (က) လူဦးရေဆိုင်ရာအချက်လက်များ | ၇ |
| (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု | ၇-၈ |
| (ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု | ၈-၉ |
| (ဃ) ကျန်းမာရေးနှင့်အာဟာရ | ၉ |
| (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ | ၉ |
| (စ) ကျားမဆိုင်ရာဆက်နွယ်မှု | ၁၀ |
| (၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ | |
| (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ် | ၁၀ |
| (ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ | ၁၀-၁၁ |
| (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | ၁၁ |
| (ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု | ၁၁ |
| (င) ဘဏ္ဍာနှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၁၂ |
| (စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | |
| (ဆ) လူငယ်နှင့်ယဉ်ကျေးမှု | ၁၂ |
| (ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု- လမ်းတံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး | |
| (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး | ၁၃ |

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊
အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ ၁၃
(ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ ၁၄

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ ၁၄

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ် ၁၆
ကျသောချိတ်ဆက်မှုများ

(၈) ဦးစားပေးစီမံချက်များနှင့်ငှ်အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ ၁၈-၂၀
(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
(ခ) ကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေးစီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

(၉) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် ၂၁

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ ၂၂-၂၃
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်
အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာအစီအစဉ်များ ၁၉

(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၃-၂၅
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာအကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ**

(၁) **လူမှုစီးပွားရေးအခြေအနေ**

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ ၂၆
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား ၂၇-၃၂
ဇယား ၃ လုပ်ငန်းနှင့် ကျား၊မ အလိုက် အနည်းဆုံးနှင့်အများဆုံး လုပ်အားခနှုန်းထား ၃၃

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု **၃၄**
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ **၃၄-၃၅**
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ **၃၆**
ဇယား ၇ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ **၃၇**
ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ **၃၈**
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ **၃၉-၄၀**
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု **၄၁-၄၂**

**(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ ၄၃-၄၄
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ ၄၄-၄၅
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု ၄၅
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ ၄၆
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း ၄၇
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု ၄၇-၄၈
ဇယား ၁၇ သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ ၄၈-၄၉
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ ၅၀-၅၁
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ ၅၁
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ ၅၂-၅၃
ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ ၅၃-၅၅
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ ၅၅-၅၆
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေး လုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ ၅၆-၅၇
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ ပုံစံနှင့်အချိန်ကာလ ၅၇-၅၈
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းအရင်း ၅၈
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ ၅၈-၅၉
ဇယား ၂၇ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ ၅၉
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း ၆၀-၆၁
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်**များ** စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ **၆၂**
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း **၆၂-၆၃**
ဇယား ၃၁ ကျောင်းတက်နှုန်း **၆၃-၆၄**

ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ ၆၅
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ ၆၆
ဇယား ၃၄ အဖြစ်များသော ရောဂါများ ၆၆-၆၇
ဇယား ၃၅ လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု ၆၇
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ ၆၈
ဇယား ၃၇ သောက်သုံးရေရရှိမှု ၆၉
ဇယား ၃၈ အိမ်သာအမျိုးအစား ၇၀
ဇယား ၃၉ ကျား-မ ရေးရာ ၇၀-၇၁
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ ၇၁-၇၂
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှု ၇၂-၇၃
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး ၇၃-၇၄
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ ၇၄
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ ၇၄-၇၅
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်ဆိုင်ရာနည်းပညာ အခြေအနေ ၇၅
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ ၇၆
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု ၇၆-၇၇
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ ၇၇

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ ၇၈**
**အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ**
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၇၉

**ကိုးကားစာရင်း**

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIVခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် | |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MCRD | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၄/၂၀၂၅ဘဏ္ဍာရေးနှစ်မှ ၂၀၂၈/၂၀၂၉ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့်ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံးသောလူအများပါဝင်ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ကနဦးအနေဖြင့်စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့်အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်းလူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှစီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲ မှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်းကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများရရှိနိုင်မည်

ဖြစ်ပါကြောင်းယုံကြည်ပါသည်။ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။အပိုင်း(က)တွင်ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။အကောင်အထည်ဖော်မည့်ဗျူဟာ၊ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည်စီမံကိန်းဆိုင်ရာအချက်အလက်၊အကြောင်းအရာများဖြစ်ပြီးအဆိုပြုစီမံကိန်းလုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

စက်တင်ဘာလ၊၂၀၂၄

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ကျုံ့အိပ်ကျေးရွာ
ခနုဖြူမြို့နယ်


ဖန်းသိမ်းကွင်းအုပ်စု ကျုံအိပ်ကျေးရွာ သယံဇာတပြမြေပုံ
ကျုံအိပ်ချောင်း
ရွာလမ်း
ရွာလမ်း
ရွာလမ်း
လယ်ကွင်း
ညွှန်းချက်များ
လမ်းမီးတိုင် (ရှိပြီး)
တံတား
တိုက်အိမ်
ဘုန်းကြီးကျောင်း
စာသင်ကျောင်း
လယ်ကွင်း
သစ်အိမ်
ဝါးအိမ်

## ကျွဲဒိပ်ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | နေပူ | နေပူ | နေပူ / မိုးရွာ | မိုးရွာ | မိုးရွာ | မိုးရွာ / နေသာ | မိုးရွာ / နေသာ | နေသာ | နေသာ | နေသာ | နေသာ | နေသာ |
| စိုက်ပျိုးရေး | ထွန်ယက် | ပျိုးကျဲ | ဆေးဖျန်း | အစာကျွေး | ပေါင်းနုတ် | အစာကျွေး | ရိတ်သိမ်း | ရိတ်သိမ်း | မျိုးကြဲ | ဆေးဖျန်း | ဆေးဖျန်း | ရိတ်သိမ်း |
| ကျန်းမာရေး | ဝမ်းပျက် ဝမ်းလျှော | ဝမ်းပျက် ဝမ်းလျှော | ဝမ်းပျက် ဝမ်းလျှော | ချောင်းဆိုး တုတ်ကွေး | ချောင်းဆိုး တုတ်ကွေး | တုတ်ကွေး -ဖျား | တုတ်ကွေး -ဖျား | ရာသီ ဖျား | ရာသီဖျား | ဖျားနာ | ဖျားနာ | ဖျားနာ |
| သောက်သုံးရေ | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် |
| သဘာဝဘေးအန္တရာယ် | သင့်တင့် | သင့်တင့် | သင့်တင့် | ရေဘေး | ရေဘေး | သင့်တင့် | သင့်တင့် | သင့်တင့် | သင့်တင့် | သင့်တင့် | သင့်တင့် | သင့်တင့် |
| လမ်းပန်းဆက်သွယ်ရေး | သင့်တင့် | သင့်တင့် | သင့်တင့် | ဆိုးရွား | ဆိုးရွား | ဆိုးရွား | သင့်တင့် | သင့်တင့် | သင့်တင့် | သင့်တင့် | သင့်တင့် | သင့်တင့် |
| အစားအစာ | သင့်တင့် | သင့်တင့် | သင့်တင့် | သင့်တင့် | သင့်တင့် | သင့်တင့် | သင့်တင့် | သင့်တင့် | သင့်တင့် | သင့်တင့် | သင့်တင့် | သင့်တင့် |
| ဝင်ငွေ / ထွက်ငွေ | | | | | | | | | | | | |
| ပွဲတော်များ | သင်္ကြန် | ညောင်ရေသွန်း | | ဝါဆို သင်္ကန်း | စာရေး-တံပွဲ | လှေပြိုင်-ပွဲ | မီးထွန်း-ပွဲ | ကထိန်-ပွဲ | ဆွမ်းမီး ဆောင်းပွဲ | ထမနဲပွဲ | တရားပွဲ | ဘုရားပွဲ |

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည်အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။ ကျွန်ုပ်တို့၏ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုနိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင်ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့ အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက်ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန်အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင်ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ဌာနဆိုင်ရာများစသည်တို့ထံမှလိုအပ်သောကိန်းဂဏန်း၊သတင်းအချက်အလက်များရယူရန်နှင့်ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန်အရေးကြီးကြောင်းကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရသောပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့်အဟန့်အတားဖြစ်စေသောအချက်များ၊(၅)နှစ်တာကာလအပြီးတွင်ရရှိအောင် ဆောင် ရွက်လိုသည့်ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန်လိုအပ်သောအရာများနှင့်ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊စာပေပညာရှင်များ၊သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက်အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက်အသုံးဝင်မှုများအနေဖြင့်ကျေးရွာလူထု၏လိုလားချက်နှင့်၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်အောင်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာ

လူထု၏အမှန်တကယ်လိုအပ်ချက်များနှင့်ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက်သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့်တက္ကသိုလ်များအနေဖြင့်ကျွန်တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သောဒင်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့်သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်အလှူရှင်အဖွဲ့အစည်းများအနေဖြင့်၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင်ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်အချိန်ကာလတစ်ခုအတွင်းကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့်အကူအညီများကိုအခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့်ရေးဆွဲထားပါသည်။ လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင် ခွင့်ရရှိပြီးအမြင်ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင်လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကိုလူထုပါဝင်၍စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့်ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကိုတိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင်ပစ္စည်းအခက်အခဲ၊ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ပထဝီအနေအထားနှင့်သဘာဝသယံဇာတအရင်းအမြစ်များ

### (က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျုံအိပ်ကျေးရွာသည် ဓနုဖြူမြို့ အရှေ့မြောက်ဘက် အလမျိုး-နဲ့ကြိုးလမ်းမကြီးအနီးတွင် မိုးရာသီတွင်မိုးကောင်း၍ ဆောင်းနှင့်နွေသည်လည်းရာသီဥတုအသင့်အတင့် ရှိသဖြင့်ကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သောစိုက်ပျိုးရေးနှင့် တစ်နိုင်တစ်ပိုင် မွေးမြူရေး၊ကျပန်း အလုပ် တို့ဖြစ်ပါသည်။ ဒေသ၏တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မမှာ(၄၀)အထက်ရှိပြီး လယ်မြေများကို စပါးနှင့်မတ်ပဲတို့ကိုအဓိကစိုက်ပျိုးပြီးအသက်မွေးဝမ်းကျောင်းပြုကြပါသည်။

### (ခ) သဘာဝအရင်းအမြစ်

ကျုံအိပ်ကျေးရွာသည် ဓနုဖြူမြို့နှင့်(၁၆)မိုင်ကွာဝေးသောကြောင့် ဆက်သွယ်သွားလာရေး ခက်ခဲပါသည်။ တွင်းထွက်သယံ ဇာတများ၊ သဘာဝအပင်မျိုးစိတ်များ၊ သဘာဝတိရစ္ဆာန်မျိုးစိတ် များရရှိနိုင်မှုမရှိပါ။ လယ်လုပ်ငန်းအတွက် နွားအသုံးပြုမှုမရှိသလောက်နည်းပါးပါ သည်။စက်များကိုသာ အသုံးပြုကြပြီး စက်များမှာလည်း အလွယ်တကူငှားရမ်းအသုံးပြုနိုင်ကြပါသည်။ နွားများမရှိသဖြင့် စားကျက်မြေများလည်းမရှိပါ။ ကျုံအိပ်ကျေးရွာတွင် တွေ့ရသော ဆေးဘက်ဝင်အပင်များမှာ ငွေးတောက်ပင်၊ ကနဖော့ပင်၊ ဘီးစပ်ပင်၊ လောက်သေပင်၊ဘောက်ပင်၊ဆင်တုံးမနွယ်ပင်တို့ဖြစ်ပါသည်။

## ၃။ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က)လူဦးရေဆိုင်ရာအချက်အလက်များ

ကျုံအိပ်ကျေးရွာတွင်အိမ်ခြေ(၁၃၅)အိမ်၊အိမ်ထောင်စု(၁၃၅)နှင့်လူဦးရေ(၅၄၀)ဦး၊ ကလေးငယ် အရွယ်(၇)%၊ ကျောင်းနေအရွယ်(၁၈)%၊ အလုပ်လုပ်နိုင်သောအရွယ်(၇၀)%၊ သက်ကြီးရွယ်အို (၅)% ရှိပါသည်။တစ်အိမ်ထောင်လျှင်ပျမ်းမျှ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏တစ်အိမ်ထောင်ပျမ်းမျှနှုန်း၅ဦးထက် လျော့နည်းသည်။ ကျေးရွာတွင်ဗမာလူမျိုးများနေထိုင်ကြပါသည်။ ကျေးရွာတွင်အမျိုးသား (၂၆၉) ဦး၊ အမျိုးသမီး(၂၇၁)ဦး ရှိသဖြင့် ကျားမအချိုးများပြားစွာကွာဟမှုမရှိသောကြောင့် အမျိုးသမီးများလုပ် ကိုင်နိုင်သည့်အလုပ်များကိုပါထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကိုဖန်တီးပေးနိုင်ပါကလူ့စွမ်းအား အရင်းအမြစ်ကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက်ပိုမိုအထောက်အကူပြုစေနိုင်ပါ မည် ။

### (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု

ကျေးရွာတွင်ကိုင်းစိုက်ပျိုးရေးကိုအများဆုံးလုပ်ကိုင်ကြပြီးမိသားစုအပိုဝင်ငွေရရှိရေးတစ်ပိုင်တစ် နိုင်ကြက်၊ ဘဲ၊ ဝက်မွေးမြူခြင်း၊ ရာသီအလိုက်လယ်ယာလုပ်ငန်းခွင်တွင်ကျပန်း အလုပ်လုပ်ကိုင်ခြင်း၊ ဖောကာမောင်းခြင်း၊ဆိုင်ကယ်ကယ်ရီအငှားလိုက်ခြင်းတို့ဖြင့် အဓိကအသက်မွေးကြပါသည်။ လယ်လုပ် ငန်းအဓိကလုပ်ကိုင်သူ(၂၃)%၊ လယ်လုပ်ငန်းများတွင်ရာသီအလိုက်နေ့စားအလုပ်လုပ်ကိုင်သူ (၄)%၊

ယာဉ်စက်ကိရိယာပြင်ဆင်လုပ်ငန်းလုပ်ကိုင်(၂)% ရာသီအလိုက် နေ့စားလုပ်ငန်းလုပ်ကိုင်သူ(၄၉) % ရှိကြောင်း လေ့လာတွေ့ရှိ ရပါသည်။

ကျုံအိပ်ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လယ်မြေကေ(၁၉၂)ကေ၊ ဥယျာဉ်ခြံမြေပိုင်ဆိုင်မှု ကေ(၈)ကေ၊စုစုပေါင်းလယ်၊ယာ၊မြေပိုင်ဆိုင်းမှုကေ(၂၀၀)ကေဖြစ်ကြောင်း၊ယာမြေ၊ခြံမြေ၊ ဓနိတောမြေ၊ စားကျက်မြေ၊မြေလွတ်မြေလပ်များ မရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ ကျုံအိပ်ကျေးရွာ၏ ဥစ္စာဓနအဆင့်မှာ အဆင်ပြေသောအိမ်ထောင်စု(၃၆)အိမ်(၂၇%)၊အလယ်အလတ်ရှိသော အိမ်ထောင်စု(၃၀) အိမ်(၂၂%)၊ဆင်းရဲသောအိမ်ထောင်စု(၃၃)အိမ်(၂၄%)၊ အလွန်မပြေလည်သောအိမ်ထောင်စု (၃၆)အိမ် (၂၇) %ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ အဆင်ပြေသော အိမ်ထောင်စုများမှာ လယ်လုပ်ငန်း အဓိက လုပ်ကိုင်ကြပြီး (၁၀)ကေနှင့်(၁၂) ကေ ကြား ပိုင်ဆိုင်သူ နှင့်(၁၂)ကေ အထက်ပိုင်ဆိုင်သူများ ဖြစ်ကြကြောင်း၊ လယ်လုပ်ငန်းသုံးထွန်စက်ငယ်များပိုင်ဆိုင်ကြကြောင်း၊သစ်အိမ်အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာ လယ်လုပ်ငန်းနှင့်လုပ်သား အလုပ်သမား အဖြစ် အဓိကလုပ်ကိုင်ကြပြီး(၁)ကေနှင့် (၅)ကေကြား လယ် မြေများပိုင်ဆိုင်ကြကြောင်း၊ သစ်အိမ် အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ မပြေလည်သောအိမ် ထောင်စုများမှာရာသီအလိုက် နေ့စား ကျပန်းလုပ်ကိုင်ကြသောမြေယာမဲ့များလည်းရှိကြောင်း၊ ဝါးအိမ်အများဆုံးဖြစ်ကြောင်း လေ့လာတွေ့ရှိရ ပါသည်။ ကျုံအိပ်ကျေးရွာတွင် အိမ်ထောင်စု(၁၃၅) အနက် မြေယာမဲ့အိမ်ထောင်စု(၇၇)%ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျုံအိပ်ကျေးရွာသည်လယ်လုပ်ငန်းကို အဓိကလုပ်ကိုင်သော ဒေသဖြစ်သဖြင့်လယ်ယာ စိုက်ပျိုး ရေးသုံးစက်ကိရိယာများပိုင်ဆိုင်မှုမှာ လက်တွန်းထွန်စက်(၁၁)စီး ခြွေလှေ့စက်(၂) စီး၊ရေစုပ်စက် (၃၀)လုံး၊ မြက်ရိတ်စက်(၅)လုံးဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေးသုံးစက်ကိရိယာများမရှိ၍ ထွန်စက် တို့အား ငှားရမ်းလုပ်ကိုင်နေသောအိမ်ထောင်စုအရေအတွက်(၃၁)အိမ်ရှိကြောင်း၊ ခြွေလှေ့စက်အား ငှားရမ်းလုပ်ကိုင် သောအိမ်ထောင်စုအရေအတွက်(၃၁)အိမ်ရှိကြောင်း၊ ရေစုပ်စက်အားငှားရမ်းလုပ်ကိုင် နေသောအိမ် ထောင်စုအရေအတွက်(၃၁)အိမ်ရှိကြောင်း၊ ကျေးရွာမှစုပေါင်း၍ အသုံးပြုရန်အတွက် ရွာပိုင်၊အဖွဲ့ပိုင်စက် ကိရိယာ များမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်မှု**

ကျုံအိပ်ကျေးရွာရှိ အိမ်ထောင်စုပေါင်း(၁၃၅)အနက် (၃)လနှင့်(၆)လကြားဝမ်းစာမဖူလုံ၍ လုပ်အားခကြိုယူ၍စားဝတ်နေရေးဖြေရှင်းနေရသောအိမ်ထောင်စု(၂၁)စုရှိကြောင်း လေ့လာတွေ့ရှိရ ပါသည်။

ကျုံအိပ်ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုနည်းပါးသည့် သက်ကြီးရွယ်အို(၆၄)နှစ်နှင့် အထက် ကျား(၅)ဦး၊ မ(၃)ဦး၊ ပေါင်း(၈)ဦးရှိကြောင်း၊ မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ်ရှိသည့် အိမ်ထောင်စုမရှိကြောင်း၊ ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု(၁၀)စု၊ ဆင်းရဲ၍မိသားစုဦး ရေများသည့် မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စု (၅)စု၊ အခြားဒေသသို့ကြာမြင့်စွာသွားရောက်လုပ်ကိုင်နေသော ဆင်းရဲသည့် အိမ်ထောင်စု (၁၅)စုရှိ ကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျုံးအိပ်ကျေးရွာသည်သဘာဝရင်းမြစ်(မြေ၊စိုက်ပျိုးရေ)ရှားပါးမှု၊ မိုးခေါင်မှု၊အအေးလွန်ကဲမှု၊ ပြင်းထန်သောမုန်တိုင်း၊လျှောင်ဒဏ်၊ မီးဘေး၊သစ်တောပြုန်းတီးမှု၊ငှက်ဖျားရောဂါ၊ကိုယ်ခံအားကျဆင်းမှု ရောဂါ၊ ကျေးရွာတွင်းပဋိပက္ခ၊တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု၊လူကုန်ကူးမှုစသည့်ထိခိုက်မှုမျိုးမရှိ ကြောင်း၊ လယ်ယာမြေဆုံးရှုံးမှုအိမ်နေရာအရွှေ့အပြောင်းများမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

ကျုံးအိပ်ကျေးရွာတွင်ထိခိုက်သက်ရောက်မှုခံရသူများအတွက် အုပ်စုကဏ္ဍအလိုက်ခွဲခြား သတ်မှတ် ရာတွင်မြေယာမဲ့ဆင်းရဲသားတောင်သူ ကျပန်းအလုပ်သမားများနှင့် အမျိုးသမီးဦးဆောင် သည့် အိမ်ထောင်စုများသည် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသော်လည်း ထိခိုက် သက်ရောက်မှုနိမ့် ကြောင်း၊ လူငယ်များသည်အရက်သေစာသောက်စားမှုရှိသောကြောင့် ထိခိုက်သက်ရောက်မှု အနည်း အကျဉ်း သာရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

**(ဃ) ကျန်းမာရေးနှင့်အာဟာရ**

ကျုံးအိပ်ကျေးရွာတွင်သာမန်ရာသီဖျားရောဂါများမှလွဲပြီး အခြားရောဂါဘယဖြစ်ပွားမှုနည်း ပါးကြောင်း၊ ရာသီချိန်များတွင်ဖြစ်တတ်သည့်ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေးစသည့်ရောဂါ ဖြစ်ပွားမှု အနည်းအကျဉ်းရှိသော်လည်းပျံ့နှံ့ကူးစက်မှုအန္တရာယ်မရှိကြောင်း၊ ကျေးရွာနှင့်(၁)မိုင်ခန့်တွင် နဲ့ကြိုးကျေးရွာဆေးပေးခန်း၊ (၈)မိုင်အကွာတွင် ဆိပ်ကြီးကျေးရွာကျေးလက်ဆေးပေးခန်း၊ (၃)မိုင်ကွာ တွင်ကော့ကပ်တိုက်နယ်ဆေးရုံနှင့် (၁၂)မိုင်အကွာတွင် ဇလွန်မြို့နယ်ပြည့်သူ့ဆေးရုံကြီးရှိသဖြင့် ကျန်းမာရေးဝန်ဆောင်မှုများကောင်းစွာရရှိပြီး အဆင်ပြေမှုရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

ကျုံးအိပ်ကျေးရွာတွင်လွန်ခဲ့သော(၁၂)လအတွင်း၌မေးခိုင်ကာကွယ်ဆေးထိုးနှံခြင်းများနှင့် အခြား စုပေါင်းကာကွယ်ဆေးအနေဖြင့် ဆင်ခြေထောက်ရောဂါကာကွယ်ဆေး၊ ကိုဗစ်ရောဂါကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးနှံမှုများရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

ကျုံးအိပ်ကျေးရွာတွင်ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများအနေဖြင့် ကျေးရွာ အတွင်းတွင်ကျေးလက်ကျန်းမာရေးဌာနမရှိသော်လည်း ဇလွန်မြို့နှင့် အလှမ်းမကွာလှသောကြောင့် ကျန်းမာရေးနှင့်ပတ်သက်ပြီးခက်ခဲမှုမရှိဘဲအဆင်ပြေကြောင်းလေ့လာတွေ့ရှိရပါသည်။

ကျုံးအိပ်ကျေးရွာတွင်စာမတတ်သူဦးရေ မရှိကြောင်း၊ မူလတန်းအဆင့်ရှိသူဦးရေကျား(၄၁)ဦး၊ မ(၃၆)ဦး၊ စုစုပေါင်း (၇၇)ဦး၊ (၁၅)% ရှိကြောင်း၊ အလယ်တန်းအဆင့်ရှိသူဦးရေကျား(၁၅)ဦး၊မ(၁၃)ဦး၊ စုစုပေါင်း(၂၈)ဦး၊(၆)%ရှိကြောင်း၊ အထက်တန်း အဆင့်ရှိသူဦးရေကျား(၅)ဦး၊ မ(၁၁)ဦး၊ စုစုပေါင်း (၁၆)ဦး၊(၃)%ရှိကြောင်း၊တက္ကသိုလ်/ကောလိပ်အဆင့် ရှိသူဦးရေကျား(၁)ဦး၊မ(၂)ဦး၊ စုစုပေါင်း(၃)ဦး၊ (၁)%ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျုံးအိပ်ကျေးရွာ၌ လက်ရှိကျောင်းတက်နှုန်းအဆင့်မှာ မူလတန်းအဆင့်ကျား(၄၁)ဦး၊မ (၃၆)ဦး၊စုစုပေါင်း(၇၇)ဦး၊ (၁၅)%ရှိကြောင်း၊ အလယ်တန်းအဆင့်ကျား(၁၅)ဦး၊မ(၁၃)ဦး၊ စုစုပေါင်း (၂၈)ဦး၊ (၆)% ရှိကြောင်း၊ အထက်တန်းအဆင့် ကျား(၅)ဦးမ(၁၁)ဦးစုစုပေါင်း(၁၆)ဦး(၃%)ရှိကြောင်း ၊တက္ကသိုလ်/ ကောလိပ်အဆင့် ကျား(၁)ဦး၊မ(၂)ဦး၊စုစုပေါင်း(၃)ဦး (၁%)တို့ဖြစ်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

ကျုံအိပ်ကျေးရွာရှိကျား၊မရေးရာအခန်းကဏ္ဍပါဝင်နှင့်ပတ်သက်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာပါဝင်ဆောင်ရွက်သော်လည်း အခန်း ကဏ္ဍနည်းပါးနေသေးကြောင်း၊ ဦးဆောင်မှုနည်းပါးနေသေးကြောင်း၊ ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာပါဝင်မှု/ခေါင်းဆောင်မှုအခြေအနေမျိုး မရှိကြောင်း၊ လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု(သို့)တိုင်ကြားမှုများမရှိခဲ့ကြောင်း၊ အမျိုးသမီးရေးရာအကြမ်းဖက်မှုများအတွက် ဥပဒေနှင့်တရားမျှတ မှုဆိုင်ရာများအတွက် ကျေးရွာသူကျေးရွာသားများ ထိုက်သင့်သလောက် အသိမြင်ရှိပါကြောင်းလေ့လာတွေ့ရှိရပါသည်။

ကျုံအိပ်ကျေးရွာသည် လယ်လုပ်ငန်းတစ်မျိုးတည်း အဓိကလုပ်ကိုင်သော ကျေးရွာ ဖြစ်သဖြင့် လယ်လုပ်ငန်းများတွင်ရာသီအလိုက် နေ့စားလုပ်ကိုင်ကြသည့် ယောကျ်ားလေးများ၏ လုပ်အားခနှုန်းထားအများဆုံးမှာ(၁၂၀၀၀)ကျပ်၊ မိန်းကလေးများ၏လုပ်အားခနှုန်းထားအများဆုံးမှာ (၁၀၀၀၀)ကျပ်ဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

**၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင်သီးသန့်အဖွဲ့အစည်းဖွဲ့စည်းထားသော ဘာသာရေးအဖွဲ့အစည်းရှိပြီး ၎င်းအဖွဲ့အစည်းသည်ကျေးရွာတွင်းရှိလူမှုရေး၊စီးပွားရေး၊သာရေး၊နာရေးကိစ္စရပ်များဝင်ပါဝင်ဆောင်ရွက်ကြပါသည်။ကျေးရွာသူကျေးရွာသားများသည်ဗမာလူမျိုးများဖြစ်ကြပြီး ဘာသာရေးလုပ်ငန်းများ ကိုစိတ်အားထက်သန်စွာဆောင်ရွက်ကြပါသည်။

**ကျုံအိပ်**ကျေးရွာတွင် ဖွဲ့စည်းထားသောကျေးရွာတွင်း အဖွဲ့အစည်းများမှာအ ဖွဲ့ဝင်(၂၀)ဦးဖြင့်ဖွဲ့စည်းထားသောရပ်မိရပ်ဖအဖွဲ့၊ အဖွဲ့ဝင်(၃၀)ဦးဖြင့်ဖွဲ့စည်းထားသော ပရဟိတအဖွဲ့တို့ ဖြစ်ပြီး ၎င်းအဖွဲ့အစည်းများသည် ကျေးရွာ အတွင်းရှိသာရေး၊နာရေးကိစ္စများတွင် စိတ်အားတက်ကြွစွာဖြင့် ပူးပေါင်းဆောင်ရွက်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

**(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ**

ကျုံအိပ်ကျေးရွာသည်လယ်ယာစိုက်ပျိုးရေးကိုအဓိကထားလုပ်ဆောင်သော ကျေးရွာဖြစ်သောကြောင့် မိုးရာသီတွင် မိုးစပါးများစိုက်ပျိုးရန်အတွက် လယ်ယာလုပ်ငန်းခွင်ဝင်ကြရပါသည်။ မိုးစပါးကိုအောက်တိုဘာလတွင်သိမ်းပြီး၊မိုးစပါးများ သိမ်းဆည်းပြီးပါက မတ်ပဲကို ဆက်လက် စိုက်ပျိုးကြရပါသည်။မိုးစပါးအထွက်နှုန်းမှာတစ်ကေလျှင်ပျမ်းမျှ(၈၅)တင်းထွက်ရှိပါသည်။ မတ်ပဲ အထွက်နှုန်းမှာ တစ်ကေလျှင်ပျမ်းမျှ(၂၀)တင်းနှုန်းထွက်ရှိပါသည်။ ကျုံအိပ်ကျေးရွာသည် ဓနုဖြူမြို့နှင့်(၁၆)မိုင်

ကွာဝေးသောကြောင့် လမ်းပမ်းဆက်သွယ်ရေးဝေးပြီး သွားလာဆက်သွယ်ရေးခက်ခဲကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျုံးအိပ်ကျေးရွာ၏သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းကောင်းများမှာ လယ်ယာစိုက်ပျိုးရေးကိုအဓိကထားလုပ်ကိုင်သော ဒေသဖြစ်သဖြင့်လယ်မြေကို ကောင်းစွာအသုံး ချကြခြင်း၊ စိုက်ပျိုးရေးအတွက်လိုအပ်သောဓါတုပိုးသတ်ဆေး၊ဓါတ်မြေသြဇာနှင့်အခြား ဓါတုဗေဒ သွင်းအားစုများ ဝယ်ယူရရှိနိုင်ခြင်း၊ အလုပ်သမားရနိုင်ခြင်း၊ စိုက်ပျိုးရေးသုံးချေးငွေတို့ရရှိနိုင်ခြင်း၊ စိုက်ပျိုးရေးအတွက် လိုအပ်သောသွင်းအားစုရေကို အဝီစီတွင်းများမှတိုက်ရိုက်ရရှိနိုင်ခြင်း၊ လယ်မြေ များမှမြေဆီလွှာကောင်း မွန်ပါသည်။

ကျုံးအိပ်ကျေးရွာတွင်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်မှုမှာ အိမ်မှာ ခွေး၊ ကြောင်များသာမွေးမြူကြောင်း၊ အခြားမွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျုံးအိပ်ကျေးရွာတွင် ကျုံးအိပ်ချောင်းရှိပြီး တစ်ပိုင်တစ်နိုင် ရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်ပြီး မိသားစုဝမ်းရေဖြေရှင်းသောအိမ်ထောင်စုအနည်းငယ်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျုံးအိပ်ကျေးရွာတွင်လယ်ယာစိုက်ပျိုးရေးကို အများဆုံးလုပ်ကိုင်ကြပြီးမိသားစု အပိုဝင်ငွေရရှိရေး ရာသီအလိုက်လယ်ယာလုပ်ငန်းခွင်တွင် ကျပန်းအလုပ်လုပ်ကိုင်ခြင်း၊ ဆိုင်ကယ်ကယ်ရီအငှားလိုက်ခြင်း၊ စက်ပြင်ဆင်ရေးလုပ်ငန်းများ လုပ်ခြင်းတို့ဖြင့် အဓိကအသက်မွေးကြပါသည်။ လယ်လုပ်ငန်း အဓိကလုပ်ကိုင်သူ(၂၃)%၊ လယ်လုပ်ငန်း များတွင်ရာသီအလိုက်နေ့စား အလုပ်လုပ်ကိုင်သူ (၄)%၊ ရာသီအလိုက်နေ့စားလုပ်ကိုင်သူ (၄၉)%ရှိကြောင်း၊ ကျုံးအိပ်ကျေးရွာသည် ဓနုဖြူမြို့နှင့် (၁၆)မိုင်အကွာတွင် တည်ရှိပြီး ကျေးရွာအိမ်ထောင်စုအားလုံးလျှပ်စစ်မီး မရရှိသေးသည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သောအခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူများသည် လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်သည့်အလုပ်အကိုင်အခွင့်အလမ်း များ၊ဝင်ငွေတိုးပွားမှုများမရရှ ိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဃ)သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ကျုံးအိပ်ကျေးရွာ၏သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းမြစ်များစီမံခန့်ခွဲမှုစနစ်၌လယ်ယာစိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်သောကျေးရွာဖြစ်သဖြင့်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတို့မှ ထွက် ရှိသောအမှိုက်များအားမြေစာအဖြစ်ပြန်လည်သုံးစွဲခြင်းများ ပြုလုပ်လေ့ရှိကြောင်း၊ နေအိမ်များမှ ထွက်ရှိသည့်စွန့်ပစ်ပစ္စည်းများအားတစ်ဦးချင်း တစ်ယောက်ချင်းစနစ်တကျစွန့်ပစ်ကြခြင်းများ ပြုလုပ်ကြသော်လည်း ကျေးရွာအဆင့်သီးသန့်နေရာစီမံထားခြင်းမျိုးမရှိကြောင်း၊ စွန့်ပစ်ပစ္စည်းများကြောင့်ဆိုးကျိုးဖြစ်ပွားမှု အန္တရာယ်မရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ ယခုနှစ်အခါ၌ လယ်ယာ စိုက်ခင်းများတွင်ဖျက်ပိုးကျရောက်မှုဆိုးရွားကြောင်း၊ဖျက်ပိုးကျရောက်မှုကိုကာကွယ်ရန်သ ဘာဝမြေသြဇာသုံးစွဲမှုနည်းပါးပြီးအလွယ်တကူအသုံးပြုနိုင်သောပိုးသတ်ဆေးများကိုသာ အသုံးပြုလေ့ရှိကြောင်း၊ စိုက်ပျိုးရေးမျိုးကောင်း မျိုးသန့်များရရှိရေးလိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျုံအိပ်ကျေးရွာတွင် ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုရရှိမှုမှာ လယ်သမားများမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေး ချေးငွေ(အတိုးနှုန်းပြား၈ဂ)ဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် ချေးယူသုံးစွဲကြကြောင်း၊ အခြားမည်သည့်ချေးငွေမျှမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

နီးစပ်ရာဆွေမျိုးများဆီမှ ချေးယူသူများရှိပြီး ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက်ချေးယူကြကြောင်းတွေ့ရှိရပါသည်။ဆင်းရဲ၊ အလွန်ဆင်းရဲအိမ်ထောင်စုများ၏အကြွေးတင်ရှိမှုကို လေ့လာဆန်းစစ်ချက်အရ အကြွေးတင်ရှိမှုနည်းပါးကြောင်း တွေ့ရ သည်။

## (စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျုံအိပ်ကျေးရွာ၏သောက်သုံးရေရရှိမှုမှာ ကိုယ်ပိုင်တုံကင်တွင်း(စက်တပ်)အသုံးပြုသူအိမ်ထောင်စု(၆ဂ)အိမ်ရှိကြောင်း၊ကိုယ်ပိုင်တုံကင်တွင်းအသုံးပြုသူအိမ်ထောင်စု(၆ဂ)အိမ်ရှိကြောင်း၊ အိမ် နီးချင်းတုံကင်တွင်းများမှပေါင်းစပ်အသုံးပြုသူအိမ်ထောင်စုအိမ်ရှိကြောင်း၊ တုံကင်တွင်းမှ နွေ၊မိုး၊ဆောင်း၊ ရာသီသုံးပါးစလုံးသောက်သုံးရေအတွက်လုံလောက်မှုရှိကြောင်း၊ အဆင်ပြေမှုရှိကြောင်း၊ လေ့လာတွေ့ ရှိရပါသည်။ ကျုံအိပ်ကျေးရွာတွင် ရေလောင်း/ယင်လုံအိမ်သာများ သုံးစွဲသူ(၇၉)အိမ်နှင့် အိမ်သာမရှိ၍ နီးစပ်ရာအိမ်များမှအသုံးပြုရသူ (၅၆) အိမ်ရှိကြောင်း လေ့လာတွေ့ ရှိရပါသည်။

## (ဆ)လူငယ်နှင့်ယဉ်ကျေးမှု

ကျုံအိပ်ကျေးရွာတွင်းရှိလူငယ်များသည်သာရေး၊ နာရေးနှင့်ဘာသာရေးဆိုင်ရာ ကိစ္စရပ်များတွင်တက်တက်ကြွကြွဆောင်ရွက်ကြသည်။ ကျေးရွာတွင်းတွင်နေထိုင်သော သူများမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်သောကြောင့်ဘုရားပွဲ၊ကထိန်ပွဲများကျင်းပဆောင်ရွက်ကြကြောင်း၊ ဘုရားပွဲများတွင် နှစ်စဉ်ဖျော်ဖြေရေးအစီအစဉ်များအနေဖြင့်ဇာတ်ပွဲများဖြင့်ဖျော်ဖြေမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင်းရှိလူငယ်လူရွယ်များစာပေဗဟုသုတများ စိတ်ဝင်စားလာစေရန်စာကြည့်တိုက် ဆောင်ရွက်လိုကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဇ) အခြေခံအဆောက်အဦး – လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး

ကျုံအိပ်ကျေးရွာတွင် ကျေးရွာတွင်းကွန်ကရစ်လမ်း၊ မြေသားလမ်းများရှိပြီး သွားလာ၍ ရပြီး ကျုံအိပ်–ဆင်မြေစားကျေးရွာချင်းဆက်လမ်းများသည် အလွန်ညံ့ပါသည်။

ကျုံအိပ်ကျေးရွာတွင်

တံတား(၃)စင်းရှိပါသည်။ ကျုံအိပ်ကျေးရွာချင်းဆက်တံတားကြီးမှာ (၃၃ဂ’ x ၆’X၃ဂ’)၊ ကျုံအိပ်–ပြည်တော်သာကျေးရွာချင်းဆက်တံတားမှာ (၂၅ဂ’ x ၈’X၂၅’)၊ ကျုံအိပ်–ဆင်မြေစားကျေးရွာချင်းဆက်တံတားမှာ (၂ဂ’ x ၁၅’X၁၅’)ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျုံအိပ်ကျေးရွာသည်လက်ရှိတွင် မဟာဓါတ်အားလိုင်းအသုံးပြုသူအိမ်ထောင်စု(၁၆)အိမ် ၄၇)%၊ဆိုလာအသုံးပြုသူအိမ်ထောင်စု(၆၃)အိမ်၊(၄၇)%၊ ဘက်ထရီမီးအသုံးပြုသူအိမ်ထောင်စု(၂၆)အိမ်၊

(၁၉)%၊ ဖယောင်းတိုင်မီးအသုံးပြုသူအိမ်ထောင်စု (၃၀)အိမ်(၂၂)%ရှိကြောင်း၊ လျှပ်စစ်မီးသွယ်တန်းခွင့်ရရှိပါကမိမိတို့ကျေးရွာလည်း လျှပ်စစ်မီးအကောင်အထည်ဖော်ဆောင်ရွက်လိုခြင်း၊ ကျေးရွာမှ ငွေကြေးမတတ်နိုင်ခြင်းကြောင့်ပူးပေါင်းဆောင်ရွက်ပေးပါကကျေးရွာမှလည်းတတ်အားသရွေ့လူအင်အား၊ ငွေအင်အားတို့ထည့်ဝင်၍အကောင်အထည်ဖော်ဆောင်ရွက်လိုကြောင်းလေ့လာတွေ့ရှိရပါသည်။

ကျုံအိပ်ကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များရရှိရေး အတွက်ဖုန်း(၁၀၂)လုံး၊ရေဒီယို(၁၀)လုံး၊တီဗွီ(၃၂)၊ဂြိုလ်တုစလောင်း(၃၂)လုံး၊ mpt၊ telenol၊ooredoo၊mytel ဆက်သွယ်ရေးလိုင်းအားလုံးဖြင့်ဆက်သွယ် အသုံးပြုနိုင်ကြောင်း ၊ အင်တာနက်လက်လှမ်းမီသည့် အိမ်ထောင်စု(၁၃၄)စုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျုံအိပ်ကျေးရွာသည်ကုန်စည်ကူးသန်းရောင်းဝယ်မှုတို့အတွက်(၉)မိုင်ကျော်ကွာ ဝေးသောအနီးဆုံးဈေး “ရှားခဲဈေး’သို့သွားလာကြပြီးစားသောက်ကုန် (ကုန်စိမ်း၊ကုန်ခြောက်)၊ မီးဖိုချောင်သုံးနှင့်အိမ်သုံးပစ္စည်း၊အဝတ်အထည်၊ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ ဝယ်ယူရရှိနိုင်ပါသည်။ ကျုံအိပ်ကျေးရွာသည်ပစ္စည်းစုံဝန်ဆောင်မှုများအတွက် (၁၂)မိုင်အထက်ကွာဝေးသော ဇလွန်မြို့သို့ ဆိုင်ကယ်၊ကား/ထော်လာဂျီတို့ဖြင့်ဆက်သွယ်သွားလာကြကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျုံအိပ်ကျေးရွာတွင်လူကုန်ကူးမှု၊အကြမ်းဖက်မှုများလုံးဝမရှိပါ။မူးယစ်ဆေးသုံးစွဲမှုနှင့်ပတ်သက်၍အရက်သေစာသောက်စားခြင်းအနည်းငယ်မျှသာရှိပါသည်။ခိုးဆိုးလုယက်မှုများမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျုံအိပ်ကျေးရွာသည်ဆက်သွယ်ရေးနှင့်ပတ်သက်၍ MPT,Telenor,Ooredoo ကဲ့သို့သောဖုန်းလိုင်းများမိသောကြောင့်အလွယ်တကူဆက်သွယ်နိုင်ပြီးကျေးရွာသူ/ ကျေးရွာသားများမှာဖုန်းဖြင့် Internetပင် အသုံးပြုနေကြပါသည်။ လုံခြုံရေးဆိုင်ရာကိစ္စရပ်များအတွက်လည်း အလွယ်တကူအကြောင်း ကြားကာအကူအညီရယူနိုင်ကြောင်းလေ့လာတွေ့ရှိရပါသည်။

## ၅။ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့်အခြေနေကောင်းများ၊အဟန့်အတားနှင့်စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့်အခြေနေများ

ကျုံအိပ်ကျေးရွာတွင် ကျန်းမာရေးနှင့်ပတ်သက်ပြီး ကျေးရွာအနီးနဲကြိုးကျေးရွာနှင့် ဆိပ်ကြီးကျေးရွာတို့တွင် ကျန်းမာရေးဌာနခွဲများ၊ ကော့ကပ်တိုက်နယ်ဆေးရုံ၊ ကျောင်းစုတိုက်နယ်ဆေးရုံ၊ ဇလွန်မြို့နယ်ဆေးရုံတို့သို့ သွားလာနိုင်ပြီး အခက်အခဲမရှိကြောင်း လေ့လာတွေ့ ရှိရပါသည်။

ကျုံအိပ်ကျေးရွာတွင် အမျိုးသားအဖွဲ့၊အမျိုးသမီးအဖွဲ့နှင့်ရပ်မိရပ်ဖအဖွဲ့တို့ရှိပြီး အမှန်တကယ်ကျေးရွာအတွင်းထိထိရောက်ရောက်ပါဝင်လုပ်ဆောင်ကြပါသည်။

**(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု**

ကျုံ့အိပ်ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်နေကြသော်လည်း စိုက်ပျိုးရေး လုပ်ကိုင်သူ တောင်သူနည်းပါးပြီး ကပ်ပါးများသဖြင့်ကျေးရွာတွင် အဆင်ပြေသူ အိမ်ထောင်စု နည်းပါး သောကြောင့် ကျေးရွာတွင်းလမ်းကို အဆင့်မြှင့်တင်ရန် စုဆောင်းငွေနည်းပါးပြီး အခက်အခဲရှိသော ကြောင့်သက်ဆိုင်ရာ မြို့နယ်ဌာနများနှင့်ပူးပေါင်းဆောင်ရွက်မှသာ ကောင်းမွန်သော လမ်းများဖြစ် လာနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျုံ့အိပ်ကျေးရွာသည် ဓနုဖြူမြို့နှင့်(၁၆)မိုင်အကွာတွင်တည်ရှိသော်လည်း ကျေးရွာအိမ်ခြေ အချို့သာမီးရရှိပြီး ကျေးရွာရှိ နေအိမ်အားလုံးလျှပ်စစ်မီးမရရှိ သေးသောကြောင့် ကျေးရွာမှ ကျောင်းသား/သူများစာကျက်ရာတွင် အခက်အခဲရှိပါသည်။လျှပ်စစ်မီးလင်းရေးကို အကောင်အထည် ဖော်ဆောင်ရွက်ရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**၆။ပန်းတိုင်နှင့်မဟာဗျူဟာ**

**(က)ဖွံ့ဖြိုးရေးပန်းတိုင်**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက်ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုအောက်ပါအတိုင်းချမှတ်ထားပါသည်-

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည်မဟာဓါတ်အားလိုင်းမှလျှပ်စစ်မီးသွယ်တန်းနိုင်ရမည်။

က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျုံ့အိပ်-ဆင်မြေစား ကျေးရွာချင်းဆက် ကွန်ကရစ်လမ်း (၆၀၀'x၈'x၆") အဆင့်မြှင့်တင်နိုင်ရမည်။

က.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည်ရွာတွင် စက်ရေတွင်း (၄.၅" ၄၀၀') တူးဖော်နိုင်ရမည်။

က.၄) ကျွန်ုပ်တို့ကျေးရွာလူထုသည် ပိတောက်ရိုးကွန်ကရစ်တံတား (၂၀' x ၁၅' x ၁၅') တည်ဆောက် နိုင်ရမည်။

က.၅)ကျွန်ုပ်တို့ကျေးရွာလူထုသည်ကျုံ့အိပ်-ပြည်တော်သာကျေးရွာချင်းဆက်တံတား(၂၂၀'x၈'၈"x၂၀") အဆင့်မြှင့်တင်နိုင်ရမည်။

## (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည်အထက်တွင်ဖော်ပြထားသောကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကိုဆောင်ရွက်သွားကြမည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလအတွက်ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုအောက်ပါအတိုင်းချမှတ်ထားပါသည်-

ခ.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် မဟာဓါတ်အားလိုင်းမှလျှပ်စစ်မီးသွယ်တန်းနိုင်ရေး အတွက် လျှပ်စစ်ဦးစီးဌာနနှင့် ချိတ်ဆက်၍ ကျေးရွာမှလည်းထည့်ဝင်ငွေများ ကောက်ခံ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားပါမည်။

ခ.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျုံးအိပ်-ဆင်မြေစား ကျေးရွာချင်းဆက် ကွန်ကရစ်လမ်း (၆၀၀'x၈'x၆") အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး ပြည်သူထည့်ဝင်ငွေတို့ဖြင့် ပူးပေါင်းအကောင်အထည် ဖော်ဆောင်ရွက်သွားပါမည်။

ခ.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည်ရွာတွင် စက်ရေတွင်း (၄.၅" ၄၀၀') တူးဖော်ပေးမည်ဆိုပါက ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ပြီး ကျေးရွာမှလုပ်အားဖြင့်ပါဝင်ကူညီအကောင်အထည်ဖော် ဆောင်ရွက်သွားပါမည်။

ခ.၄) ကျွန်ုပ်တို့ကျေးရွာလူထုသည် ပိတောက်ရိုးကွန်ကရစ်တံတား (၂၀' x ၁၅' x ၁၅') တည်ဆောက်နိုင်ရေး ကျေးလက်လမ်းဦးစီးဌာနအား တင်ပြအကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

ခ.၅) ကျွန်ုပ်တို့ကျေးရွာလူထုသည်ရွာတွင် ကျုံးအိပ်-ပြည်တော်သာကျေးရွာချင်းဆက်တံတား (၂၂၀' x ၈'၈" x ၂၀" ) တည်ဆောက်နိုင်ရေး ကျေးလက်လမ်းဦးစီးဌာနအား တင်ပြအကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

**၇။ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များများနှင့်ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသောချိတ်ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကိုရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့်နိုင်ငံတော်အဆင့်မှသည်ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့်ကျွန်ုပ်တို့ကျေးရွာအဆင့်ထိပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့်အဖွဲ့အစည်းများကိုရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအားနည်းပညာ အထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။အနာဂါတ်တွင်လည်းရေရှည်တည်တံ့မည့် အထောက်အပံ့များ ကိုနိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ကျွန်တော်တို့ကျေးရွာသားများ ကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှု များကိုပြန်လည်စိစစ်ခြင်း၊နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ် ကာလအတိုင်းပုံမှန်စိစစ်သွားနိုင်ပါမည်။အရေးကြီးသည့်အချက်မှာဦးစားပေးစီမံချက်များနှင့်ဘတ်ဂျတ်ပမာဏပါဝင်သည့်နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) ကျေးရွာမှလျှပ်စစ်မီးလင်းရေးရရှိအောင်ဆောင်ရွက်ခြင်း(၁၂၆၀ပေ)**

ကျေးရွာမှာစီးပွားရေးအဆင့်အတန်းခေတ်မီဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသောကြောင့်ကျေးရွာ၏စီးပွားရေး၊လူမှုရေး၊ပညာရေး၊အလုပ်အကိုင်အခွင့်အလမ်းတိုးတက်စေရေး၊လျှပ်စစ်မီးလင်းရေးရရှိရေးအတွက်ကျေးရွာမှစိတ်အားထက်သန်နေသောကြောင့်ကျေးရွာခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန်၊ဘက်စုံတိုးတက်ကောင်းမွန်စေရန် မြို့နယ်လျှပ်စစ်ဦးစီးဌာနနှင့်ချိတ်ဆက်၍ လျှပ်စစ်မီးလင်းရေးအကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

**(ဂ) ကျေးရွာချင်းဆက်ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း**

ကျုံအိပ်-ဆင်မြေစားကျေးရွာချင်းဆက်လမ်းမှာ ဆက်သွယ်သွားလာရေးမကောင်းသဖြင့် ရာသီမရွေးလွယ်ကူချောမွေ့စွာဖြတ်သန်းသွားလာနိုင်ရေးအတွက် ကျုံအိပ်-ဆင်မြေစား ကျေးရွာချင်းဆက်ကွန်ကရစ်လမ်း (၆၀၀' x ၈' x ၆")အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ကျေးလက်လမ်းဦးစီးဌာနအား တင်ပြအကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

**(ဃ) စက်ရေတွင်းဆောင်ရွက်ခြင်း**

ကျေးရွာတွင်လက်ရှိသုံးစွဲနေသောရေတုံကင်များမှာ အာဆင်းနစ်ဓါတ်များပါဝင်နေသောကြောင့် သန့်ရှင်းသောသောက်သုံးရေဖူလုံစွာမရရှိသောကြောင့် သောက်သုံးရေဖူလုံစွာရရှိနိုင်ရေး ကျေးလက်ဦးစီးဌာနသို့ တင်ပြ၍ ကျေးရွာမှလည်း ထည့်ဝင်ငွေများဖြင့်ပူးပေါင်းဆောင်ရွက်သွားမည်။

**(င) ပိတောက်ရိုးကွန်ကရစ်တံတားတည်ဆောက်ခြင်း**

ကျုံအိပ်ကျေးရွာရှိပိတောက်ရိုးတံတား (၂၀'x၁၅'x၁၅')သည် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တံတားအောက်ခံများခိုင်ခံ့စိတ်ချရမှုမရှိခြင်းတို့ကြောင့် ရာသီမရွေး အခက်အခဲမရှိဖြတ်သန်းသွားလာနိုင်မည့် ကွန်ကရစ်တံတား ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်ရေး ကျေးလက်ဦးစီးဌာနအား တင်ပြအကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။

**(စ) ကျေးရွာချင်းဆက်တံတားအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း**

ကျုံအိပ်-ပြည်တော်သာကျေးရွာချင်းဆက်တံတားမှာ ဆက်သွယ်သွားလာရေးမကောင်းသဖြင့် ရာသီမရွေးလွယ်ကူချောမွေ့စွာဖြတ်သန်းသွားလာနိုင်ရေးအတွက် ကျုံအိပ်-ပြည်တော်သာကျေးရွာချင်းဆက်တံတား(၂၂၀'x ၈'၈" x ၂၀")အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ကျေးလက်လမ်းဦးစီးဌာနအား တင်ပြအကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

## ၈။ စီမံကိန်း၊စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည်အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့်ဖော်ထုတ်ထားချက်များဖြစ်သည်။ထို့ကြောင့်စီမံချက်များသည်ငါးနှစ်တာစီမံချက်ကာလအတွင်းချမှတ်ထားသောပန်းတိုင်များကိုရောက်ရှိရန်ပါဝင်ပေးမည့်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာအဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုကငါးနှစ်တာစီမခံချက်ကာလအတွက်ပြင်ဆင်ပြုစုကြသည့် ကာလကဖော်ထုတ်၊ဦးစားပေးတန်းစီခဲ့ကြသည့်စီမံချက်များသည်မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ဤသည်မှာကျေးရွာလူထုသည်နှစ်နှစ်၊သုံးနှစ်တာကာလစီမံချက်များအတွက်မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်းငါးနှစ်တာကာလတစ်လျှောက်လုံးတွင်နောက်ထပ်ဆောင်ရွက်မည့်ဦးစားပေးလုပ်ငန်းများကိုလည်းဖော်ထုတ်သွားကြပါမည်။သို့ပါသောကြောင့်ရေးဆွဲထားသည့်ငါးနှစ်တာစီမံချက်သည်ပြင်းထန်သောသဘာဝဘေးအန္တ ရာယ်ကဲ့သို့ထိခိုက်စရာများမပေါ်ပေါက်ပါကအနည်းနှင့်အများဆိုသလိုပြောင်းလဲမှုမရှိနိုင်ပဲနောက်ထပ်တိုးလာမည့်လုပ်ငန်းစီမံချက်များသာပါဝင်လာနိုင်ပါမည်။ထို့ကြောင့်ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံ ချက်၏ဗျူဟာမြောက်မူဘောင်အတွင်းနှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုဆောင်ရွက်သွားကြပါ မည်။

### (ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍စီမံချက်ကိုအုပ်စုခွဲခြားခြင်း

စီမံကိန်း၊စီမံချက်များကိုစီမံချက်ဆိုင်ရာအချက်အလက်များကိုစီစစ်စိတ်ဖြာနိုင်ရန်လုပ်ငန်းရပ်ဆိုင်ရာနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံပြီးအုပ်စုခွဲသည်။လုပ်ငန်းကဏ္ဍကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functionalclassification)ဖြင့်ဝန်ကြီးဌာနများ၊ဦးစီးဌာနများအတွက်သက်ဆိုင်ရာ လုပ်ငန်း များအလိုက်ဆောင်ရွက်ဘွယ်ရာများကိုသိရှိနားလည်စေနိုင်သည်။ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍အကုပ်စုသတ်မှတ်ခြင်း (Economic classification)သည်စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့်အကျိုးသက်ရောက်မှုဆိုင်ရာငွေလုံးငွေရင်း အသုံးစရိတ်၊ စွမ်းဆောင် ရည်မြှင့်တင်ရေး၊လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကိုခွဲခြားသိရှိစေရန်အထောက်အကူပြုသည်။လုပ်ငန်းကဏ္ဍကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများကယင်းတို့၏လုပ်ငန်းတာဝန်များအလိုက်ဖော်ထုတ်ထားသောလုပ်ငန်းကဏ္ဍ အပိုင်းအခြားများကိုသိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Economic classification)တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့တို့ပါဝင်သည်။

## (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက်ဦးစားပေးအစီအစဉ်များကိုဇယားဖြင့်ဖော်ပြထားပါသည်။ကျေးရွာလူထုသည်နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့်ရွာလုံးကျွတ်အစည်းအဝေးတွင်စီမံချက်များဦးစားပေးအစီအစဉ်ကိုဖော်ထုတ်ထားပါသည်။တချို့စီမံချက်များကိုရေးဆွဲရာတွင်မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့်အခြားအေဂျင်စီများထံမှနည်းပညာအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင်သဘောတူသတ်မှတ်ထားသောဦးစားပေးစီမံချက်လုပ်ငန်းများမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(၁) လျှပ်စစ်မီးလင်းရေးလုပ်ငန်း(၄၀၀ဗို့ခါတ်အားလိုင်း ၁၂၆၀ပေ)

(၂) ကျုံးအိပ်-ဆင်မြေစားကျေးရွာချင်းဆက်ကွန်ကရစ်လမ်းခင်းခြင်း(၆၀၀'x၈'x၆")

(၃) စက်ရေတွင်းတူးဖော်ခြင်း(၄.၅" ၄၀၀')

(၄) ပိတောက်ရိုးကွန်ကရစ်တံတားတည်ဆောက်ခြင်း(၂၀'x၁၅'x၁၅')

(၅) ကျုံးအိပ်-ပြည်တော်သာကျေးရွာချင်းဆက်တံတားတည်ဆောက်ခြင်း(၂၂၀'x၈'၈"x၂၀")

**(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ**

အောက်ပါဇယားတွင်လုပ်ငန်းစတင်ရန်၊ပြီးဆုံးရန်ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏အချိန်ဇယားကိုဖော်ပြထားပါသည်။ဤအစီအစဉ်ကိုနှစ်အလိုက်လိုအပ်သလိုဖြည့်စွက်ပြင်ဆင်ပြီးနှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်းထည့်သွင်းပေးမည်။

| စဉ် | စီမံချက် | အဆင့် | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ | ၂၀၂၇ | ၂၀၂၈ |
|---|---|---|---|---|---|---|---|
| ၁။ | လျှပ်စစ်မီးလင်းရေးလုပ်ငန်း (၄၀၀ဗို့ခါတ်အားလိုင်း ၁၂၆၀ပေ) | ၁ | ✔ | | | | |
| ၂။ | ကျုံအိပ်-ဆင်မြေစားကျေးရွာချင်းဆက်ကွန်ကရစ်လမ်းခင်းခြင်း(၆၀၀’x၈’x၆”) | ၂ | | ✔ | | | |
| ၃။ | စက်ရေတွင်းတူးဖော်ခြင်း(၄.၅” ၄၀၀’) | ၃ | | | ✔ | | |
| ၄။ | ပိတောက်ရိုးကွန်ကရစ်တံတားတည်ဆောက်ခြင်း(၂၀’x၁၅’x၁၅’) | ၄ | | | | ✔ | |
| ၅ | ကျုံအိပ်-ပြည်တော်သာကျေးရွာချင်းဆက်တံတားတည်ဆောက်ခြင်း(၂၂၀’x၈’၈”x၂၀”) | ၅ | | | | | ✔ |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင်ဖော်ပြထားသောစီမံချက်အလိုက်ဘတ်ဂျက်ပမာဏများသည်ရည်ညွှန်းနမူနာ(indicative)အဖြစ်ကိုးကားရန်ပမာဏသာဖြစ်ပါသည်။အမှန်တကယ်လိုအပ်သောဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန်အသေးစိတ်ဆက်လက်၍ဆောင်ရွက်ရမည်ဖြစ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည်တချို့စီမံချက်များကိုရေးဆွဲရာတွင်မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့်ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှဘတ်ဂျတ်အပါအဝင်စီမံချက်ပြုစုရေးဆွဲရေးအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ဖော်ပြထားသောရည်ညွှန်းဘတ်ဂျက်ပမာဏတွင်ကျေးရွာလူထု၏ငွေသားမဟုတ်သောထည့်ဝင်မှုများကိုထည့်သွင်းဖော်ပြထားခြင်းမရှိပါ။(ငွေသားမဟုတ်သောထည့်ဝင်မှု၊ဥပမာလုပ်အား၊သဲ၊ကျောက်၊ပစ္စည်းကိရိယာ၊အချိန်စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာကောက်ပွဲမှု |
| | | | | ငွေလုံးငွေရင်းသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁။ | လျှပ်စစ်မီးလင်းရေးလုပ်ငန်း (၄၀၀ဗို့ခါတ်အားလိုင်း ၁၂၆၀ပေ) | | | ✔ | | |
| ၂။ | ကျုံးအိပ်-ဆင်မြေစားကျေးရွာချင်းဆက်ကွန်ကရစ်လမ်းခင်းခြင်း(၆၀၀’x၈’x၆”) | | | ✔ | | |
| ၃။ | စက်ရေတွင်းတူးဖော်ခြင်း(၄.၅” ၄၀၀’) | | | ✔ | | |
| ၄။ | ပိတောက်ရိုးကွန်ကရစ်တံတားတည်ဆောက်ခြင်း(၂၀’x၁၅’x၁၅’) | | | ✔ | | |
| ၅ | ကျုံးအိပ်-ပြည်တော်သာကျေးရွာချင်းဆက်တံတားတည်ဆောက်ခြင်း (၂၂၀’x၈’၈”x၂၀”) | | | ✔ | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုကဦးဆောင် အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့်ရည်မှန်းချက်များသို့ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှ ာကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ပညာရေးအရည် အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူဆောင်ရွက်စေ၍လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကိုတာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင်ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကို လည်းရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ဥပမာ-မိဘဆရာအသင်းသည်မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန်မြို့ နယ်ပညာရေးဌာနနှင့်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန်မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့်တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

### (၁၀-၃) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင်တင်ဒါခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက်အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ပါဝင်မှုမှာအမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ကြီးကြပ်ရေးစသည့်လုပ်ငန်းများအတွက်ကန်ထရိုက်များ
- စိုက်ပျိုးရေး၊မွေးမြူရေးစသည့်သင်တန်းများအတွက်နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ပုဂ္ဂလိကအဖွဲ့အစည်းများ၊လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင်ဖော်ပြထား သောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီး ကြပ်ရန်တာဝန်မှာကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏တာဝန်သာဖြစ်ပါသည်။

အချို့ကိစ္စများတွင်ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင်ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်တာဝန်ပေးထားသော ကော်မတီကိုဦးဆောင်၍မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ပါမည်။

**၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့်ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့်လုပ်ငန်းတစ်ခုချင်းစီအတွက်ရေရှည်တည်တံ့ရေး အစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့်တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှအသုံးပြုခ ကောက်ခံခြင်း၊စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကိုဆောင်ရွက်မည်။ ထို့အပြင်တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့်ပစ္စည်းများ၏ ပမာဏကိုကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက်လုပ်ငန်းအလိုက်သက်ဆိုင်ရာကော်မတီ၊အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ကျောင်းပြုပြင်ရေးအတွက် ကျောင်းကော်မတီတို့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖော်ရာတွင်တိုးတက်မှုအခြေအနေများအားစနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ကြီးကြပ် စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကိုရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့်ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့်လုပ်ငန်းကိုပြီးမြောက်အောင်ဆောင်ရွက်နိုင်ပါလိမ့်မည်။

